၂၀၂၃ ခုနှစ် တူကီယဲ (ယခင်တူရကီ) သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲ

မယ်ငိုး

နိဒါန်း

တူရကီသမ္မတနိုင်ငံကို တူကီယဲသမ္မတနိုင်ငံအဖြစ် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကုန်အမှတ်တံဆိပ်ရေးသားဖော်ပြမှုများ၌ စတင်ပြောင်းလဲအသုံးပြုခဲ့သည်။ ၂၀၂၂ ခုနှစ် မေလတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ၎င်းတို့နိုင်ငံအမည်အား တူကီယဲ သမ္မတနိုင်ငံဟု ပြောင်းလဲအသုံးပြုပေးပါရန် တရားဝင်အကြောင်းကြားမှုဖြင့် ပြောင်းလဲခေါ်ဝေါ်အသုံးပြုလျက်ရှိသည်။

တူကီယဲနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီး ပါလီမန်စနစ်မှ သမ္မတစနစ်သို့ ပြောင်းလဲခဲ့ကာ ဝန်ကြီးချုပ်ရာထူးကိုလည်း ဖျက်သိမ်း၍ လွှတ်တော်ရွေးကောက်ပွဲများနှင့်အတူ သမ္မတရွေးကောက်ပွဲကို ကျင်းပရန် သတ်မှတ်ခဲ့သည်။

၂၀၂၃ ခုနှစ် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို မေ ၁၄ ရက်က ပြုလုပ်သည်။ မဲပေးပိုင်ခွင့်ရှိသူ ၆၄ သန်းကျော်အနက် လာရောက်မဲပေးသူ ၅၄ သန်းကျော်ရှိသည့်အတွက် မဲပေးသူရာခိုင်နှုန်း ၈၆ ဒသမ ၉၈ ရာခိုင်နှုန်းရှိသည်။

သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းသုံးဦးရှိပြီး ပထမအဆင့် ယှဉ်ပြိုင်ချိန်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးမျှ ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းကျော် ရရှိခြင်းမရှိသည့်အတွက် ခိုင်လုံမဲအရေအတွက် အများဆုံးရရှိသည့် လက်ရှိသမ္မတ Erdogan နှင့် ၎င်း၏အဓိကပြိုင်ဘက် Kemal Kilicdaroglu တို့သည် လာမည့် မေ ၂၈ ရက်တွင် ဒုတိယအကျော့ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားရတော့မည်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ ၂၆ ပါတီရှိပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီမှ ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ တူကီယဲနိုင်ငံရှိ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် နိုင်ငံရေးခံယူချက်တူညီသည့် ပါတီများအချင်းချင်း စုစည်း၍ Alliance ဖွဲ့စည်းဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရသည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများအနက် Alliance အဖွဲ့အစည်း ငါးဖွဲ့တွေ့ရှိရပြီး Alliance အဖွဲ့အစည်းတစ်ခုလျှင် အနည်းဆုံး ပါတီလေးပါတီမှ အများဆုံး ခုနစ်ပါတီအထိ ပါဝင်ကြသည်။

ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ် ၈၇ နယ်တွင် ကိုယ်စားလှယ်လောင်း ၆၀၀ အား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ရာ လက်ရှိသမ္မတ Erdogan ၏ Justice and Development Party မှ ကိုယ်စားလှယ် ၂၆၈ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့သည်။ ၎င်း၏ Alliance ပါတီများဖြစ်သော Nationalist Movement Party မှ ၅၀ နေရာဖြင့် စတုတ္ထနေရာမှ လည်းကောင်း၊ New Welfare Party မှ ၎င်းနေရာဖြင့် ဆဋ္ဌမနေရာမှ လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

Nation Alliance ညွှန့်ပေါင်းအဖွဲ့အစည်းတွင်ပါဝင်သည့် ပါတီခြောက်ပါတီအနက် သမ္မတလောင်း Kemal Kilicdaroglu ၏ Republican People's Party မှ ကိုယ်စားလှယ် ၁၆၉ ဦးဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ Good Party မှ ကိုယ်စားလှယ် ၄၃ ဦးဖြင့် ပဉ္စမနေရာ တွင် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

Labour and Freedom Alliance တွင်ပါဝင်သည့် ပါတီ ခုနစ်ပါတီအနက် Party of Greens and the Left Future ပါတီမှ ကိုယ်စားလှယ် ၆၁ ဦးဖြင့် တတိယနေရာတွင် လည်းကောင်း၊ Workers Party of Turkey မှ ကိုယ်စားလှယ် လေးဦးဖြင့် သတ္တမနေရာတွင်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

၂၀၂၃ ခုနှစ် သမ္မတရွေးကောက်ပွဲ ပထမအကျော့ရလဒ်

စဉ်	သမ္မတလောင်းအမည်	ရရှိသည့်ဆန္ဒမဲအရေအတွက်
၁	Recep Tayyip Erdogan	၄၉.၅၂ %
၂	Kemal Kilicdaroglu	၄၄.၈၈ %
၃	Sinan Ogan	၅.၁၇ %

၂၀၂၃ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲရလဒ်

စဉ်	ပါတီအမည်	ရရှိသည့်ခိုင်လုံမဲ	ကိုယ်စားလှယ်နေရာ
၁	Justice and Development Party	၁၉,၃၈၇,၄၁၂	၂၆၈
၂	Republican People's Party	၁၃,၇၉၁,၂၉၉	၁၆၉
၃	Party of Greens and the Left Future	၄,၈၀၃,၇၇၄	၆၁
၄	Nationalist Movement Party	၅,၄၈၄,၅၁၅	၅၀
၅	Good Party	၅,၂၇၂,၄၈၂	၄၃
၆	New Welfare Party	၁,၅၂၉,၁၁၉	၅
၇	Workers' Party of Turkey	၉၄၀,၂၃၀	၄
	စုစုပေါင်း		၆၀၀

ကိုးကား – တူကီယဲရွေးကောက်ပွဲကောင်စီ (မေ ၈ ၂၀၂၃ ခုနှစ်)

ဝင်ရောက်ယှဉ်ပြိုင်သည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ

လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၆ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၆ ပါတီအနက် ၁၅ ပါတီသည် Alliance အဖွဲ့အစည်း ငါးခုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျန်ပါတီ ၁၁ ပါတီသည် Alliance ဖွဲ့စည်းခြင်းမရှိဘဲ သီးခြားစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သမ္မတလောင်းအမည်စာရင်းတင်သွင်းရာတွင် နောက်ဆုံးကျင်းပခဲ့သည့်ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီအစုအဖွဲ့များ၊ နိုင်ငံရေးပါတီများသည် ခိုင်လုံမဲစုစုပေါင်း၏ ငါးရာခိုင်နှုန်း ရရှိလျှင်သော်လည်းကောင်း၊အနည်းဆုံးမဲဆန္ဒရှင်တစ်သိန်း၏ အဆိုပြုချက်ဖြင့်သော်လည်းကောင်း အမည်စာရင်းတင်သွင်းနိုင်သည်။

သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းလာသည့် ကိုယ်စားလှယ်လောင်း လေးယောက်ရှိသော်လည်း မေ ၁၁ ရက်တွင် Muharrem ince နုတ်ထွက်သွားသည့်အတွက် ကျင်းပချိန်တွင် ကိုယ်စားလှယ်လောင်း သုံးယောက်သာ ကျန်ရှိသည်။

အသက် ၆၉ နှစ်အရွယ်ရှိ သမ္မတလောင်း (လက်ရှိသမ္မတ) Erdogan သည် တူကီယဲနိုင်ငံအား နှစ်ပေါင်း ၂၀ ကြာ အုပ်ချုပ်ခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၂၃ ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိ၍ ခေတ်သစ်တူကီယဲနိုင်ငံတွင် အရှည်ကြာဆုံးသော နိုင်ငံ့အုပ်စိုးသူအဖြစ်မှတ်တမ်း ဝင်ရန် မျှော်လင့်နေသူဖြစ်ကာ Justice and Development Party (AKP) ပါတီတည်ထောင်ခဲ့သည့် ပါတီခေါင်းဆောင်လည်းဖြစ်သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် သမ္မတအဖြစ် လွှတ်တော်မှ ခန့်အပ်ခြင်းခံခဲ့ရသည်။ ၂၀၁၈ ခုနှစ်တွင်လည်း ရွေးကောက်ပွဲမှတစ်ဆင့် ဆန္ဒမဲ ၅၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် သမ္မတတင်မြှောက်ခံခဲ့ရသည်။ သို့သော် ၂၀၂၃ ခုနှစ်တွင် ဆန္ဒမဲ ၄၉ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိခဲ့သည့်အတွက် ဒုတိယအကျော့ရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အသက် ၇၄ နှစ်အရွယ်ရှိ သမ္မတလောင်း Kemal သည် ပါတီခြောက်ပါတီပါဝင်သော Nation Alliance မှ တင်သွင်းလာသည့် ကိုယ်စားလှယ်လောင်းဖြစ်ကာ အဓိကအတိုက်အခံပါတီခေါင်းဆောင်အနေဖြင့် ၁၃ နှစ်ကြာ ရပ်တည်လာသူလည်းဖြစ်သည်။ ၎င်းသည် ခေတ်သစ်တူကီယဲနိုင်ငံ၏ ဖခင်ကြီးဖြစ်သော Mustafa Kemal Ataturk တည်ထောင်ခဲ့သည့် Republican People's Party (CHP) ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ၂၀၂၃ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲ ၄၄ ဒသမ ၈၈ ရာခိုင်နှုန်း ရရှိခဲ့သည့်အတွက် ဒုတိယအကျော့ရွေးကောက်ပွဲ၌ သမ္မတ Erdogan နှင့်ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်း

မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေရပ်လိပ်စာပေါ်တွင် မူတည်၍ ပြုစုထုတ်ပြန်ခြင်းဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မတ် ၂၀ ရက်မှ ဧပြီ ၂ ရက်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား ပြင်ဆင်ခွင့်ရရှိခဲ့သည်။

မဲပေးပိုင်ခွင့်ရှိသူ

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၄ သန်းရှိပြီး ပထမအကြိမ်မဲပေးမည်သူ ခြောက်သန်းကျော်နှင့် ဧပြီ ၂၇ ရက်မှ မေ ၉ ရက်အတွင်း ကြိုတင်မဲပေးရမည့် ကြိုတင်မဲပေးခွင့်ရှိသူ ၃ ဒသမ ၄ သန်းကျော်ရှိသည်။

မဲရုံအရေအတွက်

နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၁၉၀,၇၃၆ ကျော်ရှိသည်။

မဲရုံဖွင့်ချိန်နှင့်ပိတ်ချိန်

မဲရုံများကို ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖွင့်လှစ်၍ ညနေ ၅ နာရီတွင် ပိတ်သိမ်းသည်။

ရွေးကောက်ပွဲဝင်ဆောင်ပုဒ်

သမ္မတလောင်း Erdogan ၏ APK ပါတီ မဲဆွယ်စည်းရုံးသည့် ရွေးကောက်ပွဲဝင်ဆောင်ပုဒ် (Campaign Slogan) မှာ "Right time, right man" ဖြစ်သည်။

သမ္မတလောင်း Kemal ၏ CHP ပါတီ မဲဆွယ်စည်းရုံးသည့် ရွေးကောက်ပွဲဝင်ဆောင်ပုဒ်မှာ "Promise you, spring will come again" ဖြစ်သည်။

စာမျက်နှာ ၁၇ သို့

အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်သွားပါက ပြည်ပပို့ကုန်များ အရည်အသွေးပြည့်မီစွာ ပိုမိုထုတ်လုပ်လာနိုင်

ပဲခူး မေ ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ ပဲခူးမြို့နယ် ရွာသစ်ကိုင်တာကျေးရွာ၌ သံရည်ကျိုလုပ်ငန်းနည်းပညာဖွံ့ဖြိုးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSMEs စီးပွားရေးလုပ်ငန်းဖြစ်၍ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် MSMEs လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီး အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဖွဲ့စည်း၍ ကဏ္ဍအလိုက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သံရည်ကျိုလုပ်ငန်းအများစုတွင် မိရိုးဖလာနည်းအတိုင်း သဲကြမ်းကိုအသုံးပြုသဖြင့် ကုန်ပစ္စည်းအရည်အသွေးကျဆင်းပြီး စျေးကွက်အားနည်းချက်များရှိကြောင်း၊ ယခုအခါ သံရည်ကျိုခြင်း၊ ပုံလောင်းခြင်းများကို ခေတ်မီနည်းစနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး သင်ကြားပို့ချပေးမည်ဖြစ်၍ သေချာလေ့လာမှတ်သားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ သင်တန်းနည်းပြများအား ထောက်ပံ့ငွေကျပ် ငါးသိန်းပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဦးထိန်လင်း၏ သံရည်ကျိုလုပ်ငန်းနှင့် အေးမြကြည် ကုမ္ပဏီလီမိတက် ဦးအေးဝင်း၏ သံရည်ကျိုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပဲခူးမြို့နယ် ရွာသစ်ကိုင်တာကျေးရွာတွင် သံရည်ကျိုလုပ်ငန်း ၁၈ ခုမှ ပြည်တွင်းသုံးကုန်နှင့် ပြည်ပပို့ကုန်များ ထုတ်လုပ်လျက်ရှိပြီး ယခုဖွင့်လှစ်သည့် သင်တန်းမှရရှိလာသည့် အဆင့်မြင့် နည်းပညာများဖြင့် ထုတ်လုပ်သွားပါက ပြည်ပပို့ကုန်များ အရည်အသွေးပြည့်မီစွာ ပိုမိုထုတ်လုပ်လာနိုင်ခြင်း၊ စျေးကွက်တိုးချဲ့ ရရှိလာနိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ ပိုမိုသိရှိလာနိုင်ခြင်းအပြင် ဒေသတွင်းလူငယ်များအား နည်းပညာများ ဖြန့်ဝေပေးနိုင်ခြင်းတို့ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ဒုံသမိမြစ်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း ငါးမျိုးစိုက်ထည့်

သထုံ မေ ၂၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် ငါးသယံဇာတများ တိုးပွားပြီးဒေသတွင်းငါးစားသုံးမှုမှုလုံရေးအတွက် မေ ၂၇ ရက်က ငါးလုပ်ငန်း ဦးစီးဌာနမှ ဒုံးရင်းဆိပ်ကျေးရွာရှိ ဒုံသမိမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ စုစုပေါင်း နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ရာတွင် နယ်မြေခံတာဝရင်းမှ တပ်မမှူး ဗိုလ်မှူးချုပ်ကိုဦး၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချို၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းစခန်း (သထုံ) မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရေလုပ်သားများက ငါးလုပ်ငန်းစခန်း (သထုံ) မှ ထုတ်လုပ်သည့် နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်း တစ်မျိုးလျှင် ကောင်ရေ ၅၀၀၀၀ ကို ဒုံသမိမြစ်အတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ပေးသည်။

နဒီ (မြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာမူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်

ပုဗ္ဗသီရိ မေ ၂၈

ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု YGW အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာမူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းဆောင်သစ်ကိုအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ နေပြည်တော်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းကိုထွန်းအောင်၊ YGW အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဦးနှင့် နေပြည်တော်တိုင်း သံဃနာယကဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တမုနိကုမာရက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နေပြည်တော်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားခဲ့ပြီး YGW အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတ အသင်းကြီး၏ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဣာသဝရိယက ကျေးဇူးတင်စကားပြောကြားကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်ကျောင်းသားကျောင်းသူများနှင့်ပညာရေးထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ **လှိုင်မြင့်(မြန်/ဆက်)**

စာမျက်နှာ ၁၆ မှ

တူကီယဲနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအကျပ်အတည်းများနှင့် ဖေဖော်ဝါရီလတွင် လူပ်ခတ်ခဲ့သည့် ငလျင်ဒဏ်၏ ပျက်စီးဆုံးရှုံးမှုမြင့်ကွင်းများ၊ အခက်အခဲ၊ ပြဿနာများကို ပုံဖော်ကြည့်ပါက CHP ပါတီ၏ Slogan သည် နိုင်ငံ့ပကတိအခြေအနေနှင့် ပိုမိုကိုက်ညီလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ဝေဖန်ထောက်ပြကြသည်။

ဥပဒေပြုအဖွဲ့အစည်း

တူကီယဲနိုင်ငံတွင် ဥပဒေပြုလွှတ်တော်ဖြစ်သည့် Grand National Assembly (TBMM) ကို ပြည်သူများမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ် ၆၀၀ ဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်စားလှယ်များ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

မဲဆန္ဒနယ်

တူယီကဲနိုင်ငံကို ခရိုင် ၈၁ ခရိုင်ဖြင့် ဖွဲ့စည်းထားပြီး ခရိုင်တစ်ခုချင်းစီအလိုက် မဲဆန္ဒနယ်များ ထပ်မံပိုင်းခြားသတ်မှတ်ရာ မဲဆန္ဒနယ် ၈၇ နယ်ရှိသည်။ မဲဆန္ဒနယ်တစ်ခုချင်းစီအလိုက်ရရှိမည့် ကိုယ်စားလှယ်အရေအတွက်ကို ယင်းမဲဆန္ဒနယ်တွင် နေထိုက်လျက်ရှိသည့် လူဦးရေအပေါ်တွင် မူတည်၍ တွက်ချက်သတ်မှတ်ပေးသည်။

ရွေးကောက်ပွဲစနစ်

တူကီယဲနိုင်ငံတွင် ၂၀၁၈ ခုနှစ်မတိုင်မီအထိ ပါလီမန်စနစ် ကျင့်သုံးခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သမ္မတစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ထို့အတွက်ကြောင့် ၂၀၁၈ ခုနှစ်မှစတင်၍ သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ငါးနှစ်လျှင် တစ်ကြိမ် တစ်ပြိုင်နက် ကျင်းပဆောင်ရွက်သည်။

သမ္မတရွေးကောက်ပွဲတွင် နှစ်ကျော့ပြိုင်စနစ် ကျင့်သုံးသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအနက် ကနဦး (ပထမအကျော့) ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲတွင် မည်သည့်ကိုယ်စားလှယ်လောင်းမျှ ၅၀ ရာခိုင်နှုန်းအထက် ခိုင်လုံမဲမရရှိခဲ့လျှင် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးအား ရွေးချယ်၍ ဒုတိယအကျော့ ပြန်လည်ယှဉ်ပြိုင်ရသည့်စနစ်ဖြစ်သည်။

တူကီယဲနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲများကို မဲဆန္ဒနယ်အားလုံးတွင် တစ်ပြိုင်တည်း၊ တစ်ရက်တည်း ကျင်းပဆောင်ရွက်ပြီး လွှတ်လပ်၍တရားမျှတသော လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးသည်။ မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးရာတွင် ပါတီ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတစ်ခု (Alliance) ကိုသာရွေးချယ်ရခြင်းဖြစ်ပြီး ယင်းပါတီ သို့မဟုတ် Alliance အတွင်းရှိ ၎င်းတို့နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို သီးသန့်ရွေးချယ်မဲပေးခွင့်မရှိသည့် Closed List PR စနစ်အား ကျင့်သုံးခြင်း ဖြစ်သည်။

Alliance ဖွဲ့စည်းထားသည့် ပါတီများအနေဖြင့် ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းရာတွင် ၎င်းတို့အဖွဲ့အစည်းအတွင်းရှိ ပါတီအသီးသီးမှကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းကိုယ်စားလှယ်လောင်းစာရင်း (Common Candidate Lists) ကို တင်သွင်းရခြင်း ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲတွင် အနည်းဆုံးရရှိရမည့် ခိုင်လုံမဲအရေအတွက် (Threshold)ကို ခုနစ်ရာခိုင်နှုန်း သတ်မှတ်ထားသည်။

ဥပဒေပြင်ဆင်ပြောင်းလဲမှုများ

၂၀၁၈ ခုနှစ်ရွေးကောက်ပွဲတွင် Threshold ကို ၁၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာမှ ၂၀၂၂ ခုနှစ် ဧပြီလတွင် သတ်မှတ်ချက်ကို ခုနစ်ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။

ထို့ပြင် Alliance ဖွဲ့စည်းထားသည့် ပါတီများအကြား ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ပုံကိုလည်း ပြောင်းလဲခဲ့သည်။ မူလက ကိုယ်စားလှယ်နေရာခွဲဝေရာတွင် Alliance ပါတီများရရှိသည့် စုစုပေါင်း မဲအရေအတွက်ပေါ်တွင် မူတည်တွက်ချက်ခြင်း ဖြစ်သည်။ ပြောင်းလဲလိုက်သည့် ဥပဒေသစ်တွင် ကိုယ်စားလှယ်နေရာကို ပါတီတစ်ခုချင်းစီအလိုက်ရရှိသည့် ဆန္ဒမဲအရေအတွက်ပေါ်တွင်ပါ မူတည်တွက်ချက်နိုင်ခြင်းဖြစ်သည်။

နိဂုံး

တူကီယဲနိုင်ငံတွင် ရွေးကောက်ပွဲများကို ကြီးကြပ်ဆောင်ရွက်ပေးရသည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းမှာ ဗဟိုရွေးကောက်ပွဲကျင်းပရေးကောင်စီ (Supreme Election Council) ဖြစ်ပြီး Website လိပ်စာမှာ https://www.ysk.gov.tr/en/supreme-election-council/1841 ဖြစ်သည်။ ရွေးကောက်ပွဲများကျင်းပရာတွင် Turkey's Constitution of 1982 with Amendments through 2017 နှင့် Tukey' Law on Parliamentary Elections တို့နှင့်အညီ ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။ မေလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကျော့ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ Erdogan က ထပ်မံအနိုင်ရရှိ၍ သမိုင်းမော်ကွန်းရေးထိုးနိုင်မည်လား သို့တည်းမဟုတ် သမ္မတလောင်း Kemal က အနိုင်ရရှိ၍ သမိုင်းသစ် စတင်နိုင်မည်လားဆိုသည်ကို ရင်သပ်ရှုမောဖွယ် စောင့်ကြည့်သွားရတော့မည် ဖြစ်ပေသည်။ ။